# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄)

## ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိတယ် ဆိုရုံနဲ့ ကောင်းတဲ့တိုင်းပြည်ဖြစ်လာနိုင်ပါ့မလား။

လူထုအတွက်ရော တိုင်းပြည်အတွက်ပါ အကျိုးဖြစ်ထွန်းစေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာရေးမှာနှစ်ပိုင်းရှိပါတယ်။ ပထမတပိုင်းက ဖွဲ့စည်းပုံပေါ်ပေါက်လာရေးဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်တယ်။ ဖွဲ့စည်းပုံကို ဘယ်သူတွေက ရေးဆွဲတယ်၊ ဘယ်လိုရေးဆွဲတယ် ဆိုတာတွေ ပါ။ ဒုတိယတပိုင်းကတော့ ဖွဲ့စည်းပုံရဲ့အနှစ်သာရ၊ တနည်းအားဖြင့် ဖွဲ့စည်းပုံမှာ ဘာတွေထည့်သွင်းပြဌာန်းထားတယ် ဆိုတဲ့အချက်ပါဘဲ။

နအဖက သူ့ရဲ့အတုအယောင်အမျိုးသားညီလာခံ အခုလက်ရှိကျင်းပနေတဲ့နောက်ဆုံး အစည်းအဝေးပြီးသွားရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုတော့မယ် ဆိုတဲ့သတင်း ထွက်နေတဲ့အချိန်မှာ လက်ခံသင့်မသင့် လေ့လာစဉ်းစားမှု၊ ဆွေးနွေးမှုတွေဟာလည်း နိုင်ငံရေး နိုးကြားသူများအကြားမှာ တစုံတရာစတင်ပေါ်ပေါက်လာတယ်။ ဒါဟာဖွဲ့စည်းပုံရဲ့အနှစ်သာရပိုင်းနဲ့ ပိုပြီးသက်ဆိုင်လာတာဖြစ်တယ်။ သည်အပေါ်မှာ ရှုဒေါင့်အမျိုးမျိုးကနေ ဆွေးနွေးတင်ပြမှုတွေ ရှိနိုင်ပါတယ်။ အဲသည် အထဲမှာ Something is better than nothing ၏ ဘာမှ မရှိတာထက်စါရင် တခုခုရှိတာက ပိုကောင်းလိမ့်မယ်ဆိုတဲ့ အဆိုပြုချက်တခုလည်း ပေါ်နေတယ်လို့ သိရတယ်။

ဒါနဲ့ ပတ်သက်လို့ရှင်းလင်းတဲ့ စဉ်းစားချက် ရှိဘို့လိုပါလိမ့်မယ်။ သာမန်အားဖြင့်ဆိုရင် မရှိရာကနေ ရှိလာတယ်ဆိုတာဟာ ကောင်းသလိုလိုပါဘဲ။ ဘာတခုမှ မရှိရာကနေ တခုခုရှိလာတယ် ဆိုတာဟာ မကောင်းဘူးလား။ သည် လိုစေါဒက တက်သူတွေ ရှိလာပါတယ်။ (အစက ဆင်းရဲလိုက်တာ လက်ထဲမှာ တပြားတချပ်မှ မရှိဘူး။ အဲဒါပေမယ့် အခုတော့ ငွေစကလေး နည်းနည်းပါးပါးရှိလာပြီ) ဆိုတဲ့ ဥပမာမျိုးမှာ စဉ်းစားရင်တော့မှန်မှာ ဖြစ်ပါတယ်။ အစက ဘာတခုမှ မရှိရာကနေ ငွေစကလေးဖြစ်တဲ့ ကောင်းတဲ့အရာ ရှိလာတာကိုး။

ဒါပေမယ့် အသေအချာ ပြန်သုံးသပ်ကြည့်ပါ။ လောကမှာ ရှိတယ် ဆိုတိုင်းကောင်းတာမဟုတ်သလို မရှိဘူး ဆိုတိုင်းလည်း မကောင်းတာ မဟုတ်ပါဘူး။ ကျွန်တော့မှာ ဘာရောဂါမှ မရှိဘူး လို့ပြောရင် အဲဒါဟာ ကောင်းတဲ့အရာ ဖြစ်ပါတယ်။ ရောဂါရှိလာတယ်လို့ပြောရတဲ့ အခါမှာ မကောင်းတဲ့အရာဖြစ်သွားပါတော့တယ်။ ဆိုလိုခြင်တာက ရှိလာတိုင်းတော့ ကောင်းတယ်လို့ပြောလို့မရနိုင်ပါ။ ရှိလာတာက ဘာလဲဆိုတာကို လေ့လာဖို့ လိုပါလိမ့်မယ်။ ငွေစကလေး ရှိလာရင်တော့ ကောင်းတာပေါ့။ ဒါပေမယ့် ရောဂါရှိလာတာမျိုးဆိုရင်တော့ ဘယ်ကောင်းနိုင်ပါ့မလဲ။ ဒါက ရှင်းနေတဲ့ အချက်ဖြစ်ပါတယ်။ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာဟာ ငွေစ ကလေးလား၊ ကြောက်စရာကောင်းတဲ့ ရောဂါလား ဆိုတာကို အသေးစိတ်လေ့လာဖို့လိုပါလိမ့်မယ်။ ဘာတခုမှ CAE မလေ့လာဘဲ ရှိလာရင်ကောင်းတာဘဲဆိုပြီး မျက်စိမှိတ်ပြောတာမျိုး မဖြစ်သင့်ပါ။ သာမန်လူတွေ ပြောတာမျိုး မဟုတ်ဘဲ နိုင်ငံရေးခေါင်းဆောင်အဆင့်ရှိသူတွေ၊ လူထုက တစုံတရာလေးစားသူတွေ၊ မီဒီယာမှာ တက်ပြီးပြောရေး ဆိုခွင့်ရသူ တွေက အလွယ်တကူပြောတာမျိုးတွေဟာ ရောဂါဆိုးတခုလို ပျံ့နှံ့ပြီး တိုင်းပြည်ကို ချောက်ထဲတွန်းပို့သလို ဖြစ်သွားနိုင်ပါတယ်။

မရှိရာကနေ ရှိလာတိုင်းကောင်းတာ မဟုတ်ဘူး ဆိုတာကို ပိုပြီးထင်ရှားစေလိုတဲ့ အတွက် မူလက မရှိဘဲ နောက်မှ ရှိလာတဲ့ မကောင်းတဲ့ ဥပဒေ တခု အကြောင်းကို ကို ပြောပါမယ်။ အဲဒါက ၁၉၇၅ ခုနှစ် **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ** ဖြစ်ပါတယ်။

**အဲဒီ ဥပဒေရဲ့အခန်း (၃) ပုဒ်မ (၇) နိုင်ငံသားတဦးဦး၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း** ဆိုတဲ့အောက်မှာ **အောက်ပါအတိုင်း**ပြဌာန်းထားတယ်။

နိုင်ငံသားတဦးဦးသည် နိုင်ငံတော်၏ အချုပ်အချာ အာဏာနှင့်နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတခုခုကို ပြုလုပ်ခဲ့သည် သို့မဟုတ် ပြုလုပ်နေသည် သို့မဟုတ်ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေး တရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်သည်။

ဒီအထူး ဥပဒေနဲ့ ပတ်သက်ပြီး အကျဉ်းချုပ်ပြောရင်

(၁) အစိုးရအာဏာပိုင်တွေက နိုင်ငံသားတဦးရဲ့ အခြေခံလွတ်လပ်မှုကို တရားဝင် ရုပ်သိမ်းခွင့် ပေးထားတဲ့ဥပဒေဖြစ်တယ်။

(၂) တရားရုံးတင်စရာ မလိုဘဲ ငါးနှစ် အထိ ဖမ်းဆီးချုပ်နှောင်ထားခွင့် ရှိတယ်။

(၃) ဝန်ကြီးအဖွဲ့ ရဲ့ အမိန့် နဲ့ ဖမ်းနိုင်၊ ပြန်လွှတ်နိုင်တယ်။ တရားရုံးက တရားသူကြီးဆီက ဖမ်းဝါရမ်း ဒါမှမဟုတ် ဖမ်းဆီးဘို့ အမိန့် တစုံတရာ ပါစရာ မလိုဘူး။

ဒီလို ဥပဒေမျိုးဟာ (Arbitrary Detention) စိတ်ထင်မြင်မှု နဲ့ ဖမ်းဆီးချုပ်နှောင်တာ ဖြစ်တဲ့ အတွက် ဒီကနေ့ဒီမိုကရေစီနိုင်ငံ အများစုမှာ လက်မခံကြတော့ပါဘူး။ အုပ်ချုပ်ရေးအာဏာပိုင်တွေက လူတဦးအပေါ်မှာ မသင်္ကာမှု တော့ ရှိတယ်။ ဒါပေမယ့် ပြစ်မှုတခုခု နဲ့ တရားရုံးမှာ စွဲဆိုဖို့ သက်သေအထောက်အထား မလုံလောက်ဘူး ဆိုတဲ့အခါမှာ ဒီအထူးဥပဒေနဲ့ အရေးယူဖမ်းဆီး ချုပ်နှောင်တာဖြစ်တယ်။ ဒီဥပဒေနဲ့ ချုပ်နှောင်ခံရပြီး သေဆုံးသွားသူတွေ၊ ဘဝပျက်စီးသွားသူတွေ၊ ကိုယ်အင်္ဂါ ချို့တဲ့သွားသူတွေ၊ ရူးသွပ်သွားသူတွေ၊ ထိတ်လန့်ကြေကွဲဘွယ်ရာ အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရသူတွေ အမြောက်အမြားရှိတယ်။ နိုင်ငံရေးမှု နဲ့ ဖမ်းဆီးခံဘူးသူ မှန်သမျှ ဒီဥပဒေကို မသိသူ မရှိပါ။ ဒေါ်အောင်ဆန်းစုကြည်လဲ ယနေ့ အချိန်အထိ ဒီဥပဒေနဲ့ ချုပ်နှောင်ခံနေရဆဲပါ။ ဆိုးဝါးလှတဲ့ ဥပဒေ တရပ်ဖြစ်တယ် ဆိုတာ ဘယ်သူမှ ငြင်းနိုင်မယ် မထင်ဘူး။

ဘာမှ မရှိတာထက်စါရင် တခုခု ရှိတာက ပိုကောင်းလိမ့်မယ် လို့ တင်ပြနေကြတဲ့ မိတ်ဆွေများစဉ်းစားသင့်ပါတယ်။ဒီလောက်အထိအောင် ဖေါက်ပြန်ဖိနှိပ်တဲ့ ဥပဒေမျိုးရှိလာတာဟာ လူတွေအတွက်ရော လူ့ အဖွဲ့ အစည်းအတွက်ပါကောင်းရဲ့လား။

ဘာကြောင့် သည်လိုမျိုးဥပဒေကို ပြဌာန်း ကြသလဲ။ တိုင်းပြည်တည်ငြိမ်မှု၊ လုံခြုံမှုရှိအောင် ကြိုတင်ကာကွယ်တဲ့ သဘောနဲ့ချုပ်နှောင်တာ (Preventive Detention) ရယ်လို့ အုပ်ချုပ်ရေးအာဏာပိုင်တွေက အကြောင်းပြကြတယ်။ လူ့အခွင့်အရေး ထွန်းကားလာတဲ့ ခေတ်ကြီးမှာ သည်လို ဥပဒေမျိုး မရှိသင့်တာ ကြာပါပြီ။ အာဏာပိုင်တွေရဲ့ စိတ်ထင်မြင်ရုံနဲ့ အပြစ်ကင်းမဲ့သူတဦးကို တရားရုံးမတင်ဘဲ (၅) နှစ်အထိ ချုပ်နှောင်ထားခွင့်ရှိတဲ့ ဥပဒေလောက် ဖိနှိပ်ဖေါက်ပြန်တာ ဘယ်မှာ ရှိတော့ မလဲ။

ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ သဘောသဘာဝ ကို အောက်ပါအတိုင်း တင်ပြခဲ့တာ မှတ်မိကြပါလိမ့်မယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ တိုင်းပြည်တိုင်းရဲ့ ပင်မဥပဒေ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြု ပြီးတဲ့နောက်မှာ တိုင်းပြည်မှာ ရှိတဲ့ ကျန်တဲ့ ဥပဒေတွေ အားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ နဲ့ ဆန့်ကျင်မယ်ဆိုရင် ဖျက်သိမ်းရတယ်။ နောက်ထပ်ပြဌာန်းတဲ့ ဥပဒေမှန်သမျှဟာ လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီဖို့လိုပါတယ်။

ကိုင်း ဒါဖြင့်ရင် နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ကို များ အတည်ပြုပြဌာန်းပြီးရင် အထက်မှာတင်ပြခဲ့တဲ့ ၁၉၇၅ နိုင်ငံတော်လုံခြုံရေး ဥပဒေလို ဖိနှိပ်ဖေါက်ပြန်တဲ့ ဥပဒေမျိုးကို များ ဖျက်သိမ်းခွင့် ရှိလာနိုင်မလား။ ဒီလို

မြေ့ာ်လင့်ချက် ကြီးမားစွာနဲ့ နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူများကို အသေးစိတ်လေ့လာကြည့်ပါတယ်။ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ အခန်းမှာ အောက်ပါပြဋ္ဌာန်းချက်ကို တွေ့ရတယ်။

> နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ (၂၄)နာရီထက်ပို၍ ချုပ်နှောင် ခြင်းမပြုရ။

တကယ်တော့ အဲဒီပြဋ္ဌာန်းချက်မှာ နအဖဟာ လူထုကို ဖွဲ့စည်းပုံအခြေခံဥပဒေပညာ နဲ့ လှည့်ဖြားထားတယ်လို့ ပြောရပါလိမ့်မယ်။ သာမန်အားဖြင့်ဆိုရင် **မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ (၂၄)နာရီထက်ပို၍ ချုပ်နှောင် ခြင်းမပြုရ။** ဆိုတဲ့ အဆုံးသတ်စါကြောင်း ကို ဘယ်သူမဆို နှစ်ခြိုက်ကြ မှာပါဘဲ။သူ့ ရဲ့ အနှစ်သာရကို လက်ခံခြင်ကြမှာပါဘဲ။ ဒါပေမယ့် အဲသည် စါကြောင်းတခုထဲ ရေးထားတာမဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပညာရဲ့ သဘောအရ (Exceptional Clause) လို့ခေါ်တဲ့ ချွင်းချက်ပြုတဲ့စါပုဒ်ကို အတိအကျ ထည့်သွင်းထားတယ် ဆိုတာကို သတိပြုဘို့ လိုပါလိမ့်မယ်။ အဲဒါက ဘာလဲ ဆိုတော့ **တည်ဆဲ ဥပဒေတရပ်ရပ် အရ ခွင့်ပြုထားသည့် ကိစ္စမှတပါး** ဆိုတဲ့ စါသားဖြစ်ပါတယ်။ ဆိုလိုတာက တည်ဆဲဥပဒေတရပ်ရပ်အရ ခွင့်ပြုထားတယ်ဆိုရင်တော့ ၂၄ နာရီထက်ပိုပြီး ချုပ်ခွင့်ရှိတယ်။ ဒါမှ မဟုတ်လို့ရှိရင်တော့ ၂၄ နာရီထက်ပိုပြီးချုပ်ခွင့် မရှိဘူး ဆိုတာပါဘဲ။

ဒီ ပြဋ္ဌာန်းချက်ကို နိဂုံးချုပ်လိုက်မယ်ဆိုရင် နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်လာပေမယ့် နိုင်ငံအတွင်းမှာ တည်ရှိနေတဲ့ ဖေါက်ပြန်ဖိနှိပ်တဲ့ ဥပဒေ တခုတလေကိုမှ ဖျက်သိမ်းခွင့်ရမှာ မဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်ကို ထောက်ပြ ကိုးကားပြီး ဖျက်သိမ်းပေးပါလို့ ပြောနိုင်စရာအကွက် တကွက်မှ မရှိဘူး။ အဲသည် ဥပဒေတွေ ဆက်ပြီး တရားဝင်တည်ရှိနေဖို့နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ကျားကန်ပေးထားမယ်။ ပိုပြီးဆိုးတာက **နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေး** ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ နိုင်ငံသားတွေကို တရားရုံးမတင်ဘဲ ငါးနှစ်သာမက ဆယ်နှစ်၊ နှစ်နှစ်ဆယ် ချုပ်ခွင့်ရတဲ့ အထိ ဖေါက်ပြန်တဲ့ ဥပဒေတွေ နောက်ထပ် ဆက်လက် ပြဋ္ဌာန်းခြင်သလို ပြဋ္ဌာန်းခွင့် ရအောင် နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူက လမ်းခင်းပေးထားတယ် --- ဆိုတာကို ရှင်းလင်းစွာ နားလည်ဖို့ လိုပါလိမ့်မယ်။

တကယ်တော့ အနာဂါတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်း ဆောင်နိုင်ရေး ဆိုတဲ့ မူ အပေါ်မှာ အခြေခံပြီး နအဖ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိလာမယ်ဆိုရင် ငွေစကလေးလိုကောင်းတဲ့ အရာမျိုးရှိလာတာ လုံးဝမဟုတ်ပါ။ ဖယ်ခုံမြို့နယ် လွှတ်တော် ကိုယ်စါးလှယ် ဦးခွန်မားကိုဘန်းရဲ့ စကားနဲ့ ပြောရမယ်ဆိုရင် အေအိုင်ဒီအက်စ်လို ကြောက်စရာကောင်းတဲ့ ရောဂါဆိုးမျိုးရှိလာတာ ဖြစ်မှာ အသေအချာပါဘဲ။

ဒါကြောင့် Something is better than nothing ၏ ဘာမှမရှိတာထက်စါရင် တခုခုရှိတာက ပိုကောင်းလိမ့်မယ်ဆိုတဲ့ အဆိုပြုချက်ကို အခြေခံပြီး နအဖ ရဲ့ ဖွဲ့စည်းပုံကို ချည်းကပ်တာဟာ တက်တက်စင်မှာယွင်းကြောင်း တင်ပြလိုက်ပါရစေ။